# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 16, 2024 | Volume 81, Number 12


၁၆.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၅.၉ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၁.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၉၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃

၀၁-၃၇၆၄၁၆

၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## အသစ်ဝင်မြေပဲဆန်များ ဈေးကွက်တွင်း ဝင်ရောက်လာတာကြောင့် ဈေးအနည်းငယ်ကျဆင်းလာ



အသစ်ဝင်မြေပဲဆန်များ ဈေးကွက်တွင်း ဝင်ရောက်လာတာကြောင့် ဈေးအနည်းငယ်ကျဆင်းလာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပဲ၊ နှမ်းဈေးကွက်အတွင်း ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲအုပ်စု အမြင့်ဆုံးဈေးများရောက်ရှိခဲ့ပြီး နိုင်ငံခြားငွေဈေး ကျဆင်းမှုနှင့်အတူ အနည်းငယ် ပြန်လည်ကျဆင်းသွားရာ ပဲအမျိုးအစားအလိုက် အနည်းငယ်ကျ ဆင်းသွားသော်လည်း လက်ကျန်မြေပဲဆန် အဟောင်းများမှာ တစ်ပိဿာ ကျပ် ၁၁,၀၀၀ ထိ ပေါက်ဈေးရှိလာသည်။

ဩဂုတ်လ တတိယသီတင်းပတ်အစတွင် ဈေးမြင့်တက်နေသည့် မြေပဲဆန် အနည်းငယ် ကျဆင်းသွားကြောင်း တစ်ပိဿာ ကျပ် ၁၀,၀၀၀ ကျော် ပေါက်နေသည့် မြေပဲဆန်မှာ အသစ်ဝင်ရောက်မှုများရှိလာတာကြောင့် မြေပဲဆန်အသစ်များမှာ ဈေးအနည်းငယ်ကျဆင်းသွားကြောင်း၊ ပြည်တွင်းနှမ်းမျိုးစုံမှာလည်း ဈေး မြင့်တက်နေကြောင်း ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများလည်း အရောင်းအဝယ် ခပ်သွက်သွက်ဖြစ်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) ကပြောသည်။

"ပဲနှမ်းဈေးကွက်အတွင်း ပို့ကုန်ပဲများအပါအဝင် ဈေးကွက်တစ်ခုလုံး ဈေးမြင့်တက်လာပါတယ်။ ဩဂုတ် ၁၃ ရက်က အမြင့်ဈေးတန်းတွေဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံခြားငွေဈေး ပြန်လည်ကျဆင်းမှုများဖြစ်လာတော့ ဈေးတန်းအနည်းငယ် ပြန်အေးလာပါတယ်။ အသစ်ဝင်မြေပဲဆန်တွေ ရမည်းသင်း၊ တပ်ကုန်းကနေ အဝင်ရှိလာတော့ မြေပဲဆန်က

ဈေးအတက်ရပ်သွားပါတယ်။ မြေပဲဆန်အသစ်တွေကတော့ တစ်ပိဿာ ကျပ် ၁၀,၀၀၀ အောက်ရောက်သွားပါတယ်။ နှမ်းမျိုးစုံကတော့ ဈေးကောင်းရ အဝယ်သွက်နေပါတယ်။ ပို့ကုန် ပဲတွေမှာလည်း ပဲတီစိမ်းအညာတွေ ဈေးမြင့်တက်လာပါတယ် ”ဟု ၎င်းကပြောသည်။

ဩဂုတ် ၁၅ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ကျပ် ၄၅၅,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ကျပ် ၂၅၀,၀၀၀ ဈေးမြင့်တက်လာသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းသိသိသာသာ မြင့်တက်လာသည်။ လက်ရှိဈေးတန်းက အမြင့်ဈေးတန်းဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၃၀၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၃၄၀,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၈၅,၀၀၀ အသီးသီးဈေးမြင့်တက်လာသည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၁၅ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ကျပ် ၃၉၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ကျပ် ၄၄၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၂၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၁၁,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၂၀,၀၀၀ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၁၅ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်(စမုန်)တစ်အိတ်လျှင် ကျပ် ၆၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၇၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ကျပ် ၃၉၀,၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ကျပ် ၂၇၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မော်လမြိုင်ကျွန်းမြို့နယ်ထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်သော ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာနွယ်က ပြောပြသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များကို ဩဂုတ်လပထမပတ်မှ ၁၅ ရက်ထိ ဝယ်ယူမှုအား ကောင်းမွန်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

“လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်ထွက် ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းတွေကို ဒေသဈေးကွက်အပြင် ဘိုကလေးနဲ့ အခြားမြို့တွေကို မှာယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ မော်လမြိုင်ကျွန်းမြို့နယ်ထွက် ကွမ်းရွက်တွေကို အရောင်းအဝယ်သမားတွေက မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ကွမ်းတွေကို မှာယူတဲ့ဒေသအရောက်ပို့ရတာ အခက်အခဲမရှိပါဘူး” ဟု မော်မြိုင်ကျွန်းမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာနွယ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုးပြီး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်အားကောင်းလာသည့် အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက ငါးရှဉ့်ပိဿာချိန် ၈၈,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက ငါးရှဉ့်ပိဿာချိန် ၈၈,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်မြင့်၏ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငါးရှဉ့်ပိဿာချိန် ၅၇,၀၀၀ ခန့်သာ တင်ပို့ရောင်းချခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၈၈,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့သည်။ အဆိုပါဒေသထွက် ငါးရှဉ့်များ တင်ပို့ရောင်းချအား ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်ကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လရဲ့ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေသိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ အဲဒီလို ငါးရှဉ့်တွေ တင်ပို့အားကောင်းတာကလည်း ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ ငါးရှဉ့်ဝယ်လိုအား ကောင်းလာတာကြောင့်လို့သိရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပြီး ရန်ကုန်ကနေ တစ်ဆင့် တခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်" ဟု ဒေါ်တင်မြင့်ကပြောသည်။

အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## ပခုက္ကူမြို့၌ မြေပဲဈေးကွက်ဝယ်လိုအားကောင်းပြီး ဈေးတက်၍အရောင်းအဝယ်ဖြစ်နေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြေပဲဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်းများဆက်လက်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၂၄ ဩဂုတ်လ ဒုတိယပတ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀- ၉၅၀၀ ထိပေါက်ဈေးရှိလာသည်။ တောင်သူနှင့် ကုန်သည်များတွင် ပဲလက်ကျန်နည်းလာပြီး မြို့ပေါ်ရှိ ဆီစက်ပိုင်ရှင်များမှ ဝယ်လိုအားကောင်းနေခြင်းကြောင့် မြေပဲဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လျက်ရှိကြောင်း၊ ပခုက္ကူဈေးကွက်သို့ မြေပဲစိုက်ပျိုးမှုများသော ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်မြို့နယ်များမှ အများဆုံးဝင်ရောက်ကြောင်း၊ မြို့ပေါ်ရှိပွဲရုံများတွင် နေ့စဉ် မြေပဲဆန်ပျမ်းမျှပိဿာ ၃၀ ဝင်အိတ် ၁၀၀-၁၅၀ အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှသိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လဒုတိယပတ်တွင် မြေပဲလုံးဆန်နီ(ပြန့်) တစ်ပိဿာလျှင် ကျပ် ၁၀,၅၀၀-၁၀,၀၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၂၀၀၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၁၀,၀၀၀-၉၅၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၃၀၀ ဈေးနှုန်းရှိပြီး ယခင်ဩဂုတ်လ (ပထမပတ်)တွင် မြေပဲလုံးဆန်နီ(ပြန့်) တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၂၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၀၀၀၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၈၇၀၀-၈၅၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၈၃၀၀-၈၀၀၀ ဈေးနှုန်းဖြစ်၍ တစ်ပတ်အတွင်း မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့်ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲဆန်ဈေးမြင့်တက်ခြင်းနှင့်အတူ မြေပဲဆီ၊ မြေပဲဖတ်ဈေးနှုန်းများလည်း မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ ဆားလှော်လုပ်ငန်းရှင်များက ဝယ်ယူကြောင်း၊ မြေပဲဈေးနှုန်းမြင့်တက်သော်လည်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း ပွဲရုံဈေးကွက်မှသိရှိရသည်။

Source: https://www.doca.gov.mm

## ရိုးရာဈေးကွက်များထံမှ မှာယူမှုများမြင့်တက်လာမှုကြောင့် ၂၀၂၄ ခုနှစ်၏ ပထမလများတွင် ဗီယက်နိုင်ငံသစ်လုပ်ငန်း ပြန်လည်နာလန်ထူလာသည့်လက္ခဏာပြ

ဗီယက်နမ်နိုင်ငံ၏ သစ်လုပ်ငန်းနယ်ပယ်သည် ၂၀၂၄ ခုနှစ်၏ ပထမလများတွင် ပြန်လည်နာလန်ထူလာသည့် လက္ခဏာများ ပြသခဲ့ပြီး အကယ်၍ ထိုအပေါင်းလက္ခဏာဘောင်သည် လမ်းကြောင်းဆက်လက်ရရှိမည်ဆိုပါက ယခုနှစ်အတွက် ချမှတ်ထားသည့် တင်ပို့ရန် ရည်မှန်းချက်ပြည့်မီမည်ဟု သိရသည်။ ဗီယက်နမ်နိုင်ငံအကောက်ခွန်ဦးစီးဌာန၏အဆိုအရ ယခုနှစ်ပထမ ၇ လတွင် ဗီယက်နမ်နိုင်ငံ၏ သစ်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ အထူးသဖြင့် သစ်ထုတ်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၉ ဘီလီယံရရှိခဲ့ပြီး ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

ကျွမ်းကျင်သူများက ယခုကဲ့သို့မြင့်တက်လာမှုသည် ဗီယက်နမ်နိုင်ငံထံမှ အကြီးမားဆုံးသစ်နှင့် သစ်ထုတ်ကုန်တင်သွင်းသည့် အမေရိကန်ကဲ့သို့သော အဓိကဈေးကွက်များထံမှ ဝယ်လိုအားမြင့်တက်လာမှုကြောင့်ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း သစ်နှင့်သစ်ထုတ်ကုန်တင်ပို့မှု၏ ၅၄ ရာခိုင်နှုန်းနီးပါးကိုတင်သွင်းကြောင်းထုတ်ပြန်ခဲ့သည်။ အမေရိကန်နိုင်ငံသို့တင်ပို့မှုသည် တစ်လပြီးတစ်လ တည်ငြိမ်စွာမြင့်တက်လျက်ရှိကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံသစ်နှင့်သစ်တောထုတ်ကုန်များအသင်း၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Ngo Sy Hoai က အမေရိကန်နိုင်ငံ စီးပွားရေးဦးစီးဌာန၏ ဗီယက်နမ်နိုင်ငံမှ သစ်ပရိဘောဂများအပေါ် တစ်ဖက်စောင်းနင်းဖြစ်သော အကောက်ခွန်ကောက်ခံမှုများနှင့် စုံစမ်းစစ်ဆေးမှုများကို ဖျက်သိမ်းရန်ဆုံးဖြတ်ချက်ပါဝင်သော လတ်တလောတိုးတက်မှု အခြေအနေများသည် အမေရိကန်သစ်ထုတ်ကုန်များ အမေရိကန်ဈေးကွက်တွင် ဝေစုပိုရစေရေးအတွက် အဆင်ပြေချောမွေ့စေမည်ဟု မျှော်လင့်ကြောင်းပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နှင့်အမေရိကန်ကဲ့သို့သော တင်ပို့နေကြဖြစ်သော ဈေးကွက်များအပြင် ဗီယက်နမ်သစ်တင်ပို့သူများသည် အိန္ဒိယနိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ တင်ပို့မှုသည်လည်း ကြီးထွားလာကြောင်း ဖော်ပြခဲ့သည်ဟုသိရသည်။ ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသို့ သစ်တင်ပို့မှုများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဘီလီယံရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၄၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်းသိရသည်။ ကနေဒါနှင့်အိန္ဒိယသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁၃,၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၇၃,၀၀၀ ရှိခဲ့ပြီး ၂၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၆၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်းသိရသည်။ သို့သော် သစ်လုပ်ငန်းအနေနှင့် လတ်တလောနှစ်များအတွင်း တင်ပို့မှုတန်ဖိုးမြင့်တက်နေသော်လည်း ထပ်ဆောင်းတန်ဖိုးထုတ်ကုန်များမှာ ဆက်လက်နိမ့်ကျနေကြောင်း သိရသည်။

ကျွမ်းကျင်သူများက ဗီယက်နမ်သစ်ထုတ်ကုန်များ၏ ၅ ရာခိုင်နှုန်းသာလျှင် ဒီဇိုင်းပုံစံရှိကြောင်း ခန့်မှန်းခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံ လက်မှုပညာနှင့် သစ်လုပ်ငန်းအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Phung Quoc Men က ဗီယက်နမ်သစ်လုပ်ငန်းများအနေဖြင့် ထုတ်ကုန်၏တန်ဖိုးနှင့် အကျိုးအမြတ်ရရှိမှုမြင့်တင်ရန်အတွက် ဒီဇိုင်းနှင့်ဆန်းသစ်တီထွင်မှုတို့တွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်းအကြံပြုခဲ့ပါသည်။ တင်ပို့သည့် သစ်ထုတ်ကုန်များ၏တန်ဖိုး ဆက်လက်မြင့်တက်ရန်အတွက် သစ်ကုန်ကြမ်းများ တင်ပို့မှုကိုလျှော့ချရန် နည်းပညာနှင့်ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုတို့တွင် ရင်းနှီးမြှုပ်နှံသင့်ပြီး ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် မွမ်းမံထားသောထုတ်ကုန်များထုတ်လုပ်မှုကို ဦးစားပေးသင့်ကြောင်း သိရသည်။

**Source:** https://www.doca.gov.mm

## ထိုင်းနိုင်ငံအစိုးရက တရုတ်သွင်းကုန်များနှင့်စပ်လျဉ်း၍ e-commerce ပလက်ဖောင်းဆောင်ရွက်နေသူများနှင့် ဆွေးနွေးသွားလို

ထိုင်းနိုင်ငံအတွင်းသို့ တရုတ်မှ တင်သွင်းလာသောတန်ဖိုးနည်းကုန်ပစ္စည်းများ၏ သက်ရောက်မှုများနှင့်စပ်လျဉ်း၍ e-commerce ပလက်ဖောင်းဆောင်ရွက်နေသူများနှင့် ဆွေးနွေးသွားရန် ဖိတ်ခေါ်လိုကြောင်း အိမ်စောင့်အစိုးရစက်မှုဝန်ကြီး H.E Ms. Pimphattra Wichaikul က ပြောကြားခဲ့သည်။

တရုတ်ကုန်ပစ္စည်းများကြောင့် ပြည်တွင်းထုတ်လုပ်သူများ အထူးသဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အပေါ် သက်ရောက်မှုသက်သာစေမည့် အစီအမံသစ်များရှာဖွေရန် စက်မှုဝန်ကြီးဌာနအပါအဝင် အစိုးရအဖွဲ့အစည်းများအား အစိုးရအဖွဲ့က ညွှန်ကြားခဲ့ပါကြောင်း၊ အွန်လိုင်းလက်လီရောင်းချသူ Temu ထိုင်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး အရည်အသွေးနိမ့် ပစ္စည်းများကို လျှော့ဈေးဖြင့် ရောင်းချခြင်းကြောင့် စိုးရိမ်မှုပြင်းထန်ခဲ့ပါကြောင်း၊ အွန်လိုင်းပလက်ဖောင်း ဆောင်ရွက်နေသူများကို ပူးပေါင်းဆောင်ရွက်ရန်နှင့်ဆွေးနွေးမှုတွင် ပါဝင်ရန်မျှော်မှန်းထားပါကြောင်း၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူအကာအကွယ် ပေးရေး ဘုတ်အဖွဲ့ရုံး၊ Lazada၊ Shopee နှင့် Temu တို့သည် အစည်းအဝေးတွင် ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် သွင်းကုန်များ၏ အရည်အသွေးနှင့်စပ်လျဉ်းသည့် ပြဿနာအပေါ် ဦးစားပေး ဆွေးနွေးသွားမည်ဖြစ်ပြီး တတ်နိုင်သမျှ ကျင်းပသွားမည်ဖြစ်ကြောင်း၊ စက်ရုံများ၌ လုံခြုံရေးအတွက် AI နည်းပညာပေးမည့် LIV-24 Co က ကြီးမှူး ကျင်းပသော AI နည်းပညာ ဆွေးနွေးပွဲတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါကြောင်း ဝန်ကြီးကဖြည့်စွက်ပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာနသည် ဒေသတွင်းအိမ်နီးချင်းများမှ ထိုင်းဈေးကွက်သို့ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် အဆိုပြုလွှာ တစ်စောင်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် တွေ့ဆုံရန်လျာထားပါကြောင်း၊ Duty free ဇုန်များရှိ သိုလှောင်ရုံများတွင် စစ်ဆေးရန် ခွင့်ပြုသည့် လုပ်ထုံးလုပ်နည်း ၁ စောင် ထုတ်ပြန်ရန် ဘဏ္ဍာရေးဝန်ကြီး ဌာနကို အကြံပြုလိုကြောင်း၊ လက်ရှိတွင် အစိုးရသည် အဆိုပါ ဇုန်အတွင်းရှိ တင်သွင်းပစ္စည်းများကို စစ်ဆေးရန် အခွင့်အာဏာ မရှိပါကြောင်း စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်း Mr. Natapol Rangsitpol က ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ခွင့်ပြုပေးထားသည့် စားသုံးခွန်ကင်းလွတ်ခွင့်ကို ပြန်လည်ပြင်ဆင်သွားမည်

ကုန်စည်များဝယ်ယူပြီး ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံခြားသားခရီးသွား ဧည့်သည်များအား ခွင့်ပြုပေးထားသည့် စားသုံးခွန်ကင်းလွတ်ခွင့်ကို ပြန်လည်ပြင်ဆင်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါသတင်းတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ၎င်းတို့ဝယ်ယူထားသည့် ပစ္စည်းများကို ၎င်းတို့နှင့်အတူ အမှန်တကယ်ယူဆောင်သွားကြောင်း အတည်ပြုပြီးနောက်မှသာ ဂျပန်အစိုးရအနေဖြင့် အခွန်ပြန်အမ်းငွေပြန်လည်ထုတ်ပေးမည့် အခွန်ကင်းလွတ်ခွင့်စနစ်ကို ပြောင်းလဲကျင့်သုံးရန် ဂျပန်အစိုးရနှင့် ဂျပန်နိုင်ငံ၏ အာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတို့က စီစဉ်လျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါစနစ်သစ်ကို မည်သည့်အချိန်တွင် စတင်ကျင့်သုံးမည့်အချက်အပါအဝင် စနစ်သစ်နှင့်စပ်လျဉ်းသည့် အသေး စိတ်အချက်အလက်များကို ၂၀၂၄ ခုနှစ်၊ နှစ်ကုန်တွင် ထုတ်ပြန်မည့် ၂၀၂၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်အခွန်စနစ် ပြုပြင်ပြောင်းလဲမှု စီမံချက်များတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်း၌သုံးစွဲသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် စားသုံးခွန်ကောက်ခံလျက်ရှိကြောင်း၊ ပြည်ပတွင် အသုံးပြုမည့်ကုန်စည်များကို စားသုံးခွန် ကင်းလွတ်ခွင့်ပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းနှင့်သုံးစွဲခြင်းတို့အတွက် စားသုံးခွန် ကင်းလွတ်ခွင့်ရရှိမည် မဟုတ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ အခွန်ကင်းလွတ်ခွင့်စနစ်မှာ စားသုံးခွန်ကို ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ ကုန်စည်များကို အခွန်မပါ နှုန်းထားဖြင့် ဝယ်ယူခွင့်ရှိကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် အခွန်လွတ်ဈေးဆိုင်များတွင် နိုင်ငံကူး လက်မှတ်ပြသ၍ အခွန်ကင်းလွတ်ခွင့်ရရှိနိုင်ကြောင်း၊ နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ၎င်းတို့ဝယ်ယူထားသည့်ကုန်စည်များအား အမှန်တကယ်ယူဆောင်သွားခြင်းရှိ-မရှိကို အခွန်လွတ်ဈေးဆိုင်များမှ ရရှိထားသည့် ဝယ်ယူမှုအထောက်အထားများပေါ်မူတည်၍ ဂျပန်အကောက်ခွန်အနေဖြင့် စစ်ဆေးလျက်ရှိကြောင်း ဖော်ပြထားသည်။

သို့သော် နိုင်ငံခြားသားခရီးသွားဧည့်သည်များမှာ အကောက်ခွန်စစ်ဆေးမှုကို ခံယူခြင်းမရှိကြကြောင်း၊ ၂၀၂၂ ဘဏ္ဍာနှစ်တွင် တစ်ဦးလျှင် အနည်းဆုံး ယန်းသန်း ၁၀၀ တန်ဖိုးရှိ ကုန်စည်များကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူခဲ့သည့် ခရီးသွားဧည့်သည် ၅၇ ဦးကို စစ်ဆေးခဲ့ရာ၌ ၁ ဦးသာလျှင် ဂျပန်နိုင်ငံပြင်ပသို့ ဝယ်ယူထားသည့်ကုန်စည်များ ယူဆောင်သွားသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကျန်ရှိသည့် ၅၆ ဦးအနက် ၅၅ ဦးမှာ အခွန်ပေးဆောင် ရမည်ဖြစ်သော်လည်း အခွန်မဆောင်ဘဲ နိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့ခြင်းကြောင့် အခွန်မဆောင်သည့်ပမာဏမှာ ယန်း ၁ ဒသမ ၈၅ ဘီလီယံရှိခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ဂျပန်အစိုးရနှင့် အာဏာရပါတီတို့အနေဖြင့် အခွန်ကင်းလွတ်ခွင့်စနစ်ကို ပြောင်းလဲလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များမှ ကုန်စည်များဝယ်ယူရာတွင် အခွန်ပါတွက်ချက်ပေးဆောင်စေပြီး၊ ဂျပန်နိုင်ငံမှ ၎င်းတို့အမှန်တကယ်ထွက်ခွာသည့်အချိန်မှသာ အကောက်ခွန်ဌာနတွင် အခွန်ပြန်အမ်းငွေ ထုတ်ယူနိုင်မည့်စနစ်သို့ ပြောင်းလဲလိုခြင်းဖြစ်ကြောင်းနှင့် အခွန်ပြန်အမ်းငွေကိုလည်း Credit Card (သို့မဟုတ်) Electronic Money တို့ဖြင့် ပေးအပ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း ဖော်ပြထားသည်။

(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့) သြ

Source: The Japan Times

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ လတ်ဆတ်သောကျွဲကောသီးများ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ခွင့်လိုင်စင်ရရှိ



တောင်ကိုရီးယားနိုင်ငံတိရစ္ဆာန်နှင့် အပင်ရောဂါကာကွယ်တားဆီးရေး အေဂျင်စီ (APQA) က ဗီယက်နမ်နိုင်ငံထံမှ လတ်ဆတ်သော ကျွဲကောသီးများ တရားဝင်တင်သွင်းခွင့်ပြုကြောင်း ကြေညာခဲ့သည်ဟု ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လက်အောက်ရှိ အပင်ကာကွယ်ရေးဦးစီးဌာန (PPD)၏ အဆိုအရသိရသည်။ ထို့ကြောင့် ကျွဲကောသီးသည် နဂါးမောက်သီးနှင့် သရက်သီးတို့ပြီးလျှင် တောင်ကိုရီးယားနိုင်ငံသို့ ပို့ခွင့်ရသည့် တတိယမြောက်အသီးဖြစ်လာပြီး ဗီယက်နမ်လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်သို့ဝင်ရောက်ရန်အတွက် ကြီးမားသည့်အခွင့်အလမ်းတစ်ခုနှင့် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။

PPD သည် ၂၀၁၈ တွင် ၎င်းတို့သည် တောင်ကိုရီးယားနိုင်ငံကို ကျွဲကောသီးတင်ပို့ရန်အတွက် ကြေညာမြှင့်တင်မည့် ပရိုဂရမ်ကိုစတင်နေကြောင်း ပြောကြားခဲ့သည်။ အပင်ဖျက်ပိုးမွှားအန္တရာယ် ဆန်းစစ်မှုလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် အချက်အလက်ဖလှယ်ခြင်းနှင့် တက်ကြွစွာညှိနှိုင်းခြင်းနှင့် မြောက်မြားစွာသော ဆွေးနွေးညှိနှိုင်းမှုများပြီးသည့် နောက် PPD နှင့် APQA တို့သည် ၂၀၂၄ ဧပြီလတွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ လုပ်ထုံးလုပ်နည်းအရ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ PPD ၏အဆိုအရ တောင်ကိုရီးယားနိုင်ငံသို့ ကျွဲကောသီးတင်ပို့ရန်အတွက် စံနှုန်းများပြည့်မီရန်အတွက် အပင်စိုက်ပျိုးသည့် ဧရိယာများအနေဖြင့် ဌာနနှင့်အတူ နှစ်စဉ်မှတ်ပုံတင်ရမည်ဟု သိရသည်။

APQA က အဆိုပါဧရိယာများ၌ အပင်ဖျက်ပိုးမွှားများအား ထိန်းချုပ်ခြင်းနှင့်စောင့်ကြည့်ခြင်းတို့တွင် စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ညွှန်ကြားမှုတို့ ပြုလုပ်သွားမည်ဟုသိရသည်။ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့မည့် လတ်ဆတ်သော ကျွဲကောသီးများအား ထုပ်ပိုးမည့်အစီအစဉ်ကိုလည်း ဌာနနှင့်အတူ နှစ်စဉ်မှတ်ပုံတင်ရမည်ဖြစ်ပြီး ပုံမှန်သန့်ရှင်းမှုနှင့် စစ်ဆေးမှုပြုလုပ်ရမည်ဟုသိရသည်။ နှစ်စဉ် လတ်ဆတ်သောကျွဲကောသီးများ တင်ပို့မှုမစတင်မီက မှတ်ပုံတင်ထားသည့် ကျွဲကောသီးစိုက်ပျိုးမည့် ဒေသစာရင်း၊ တင်ပို့မည့်ထုပ်ပိုးမှုပုံစံနှင့် အပူငွေ့ပေးသည့်ပုံစံတို့ကို APQA ထံတင်ပြရမည်ဟု သိရသည်။

**Source : VietnamPlus**

**Source:** https://www.doca.gov.mm

# STOCK EXCHANGE (16.8.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Aug. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,932 (Shares) | 91,369,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 62 | 564,200 | 33,109,694 | 301,298 |
| MTSH | 00002 | 3,450 | +100 | +2.99% | 3,400 | 3,450 | 3,400 | 8,358 | 28,818,900 | 38,929,150 | 134,306 |
| MCB | 00003 | 8,700 | +200 | +2.35% | 8,600 | 8,700 | 8,600 | 2,113 | 18,181,800 | 10,400,986 | 90,489 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 1,993 | 3,489,100 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 343 | 960,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,560 | 2,705,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 503 | 1,649,900 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 15th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.63 | +1.75 | +0.43% | 409.91 | 411.50 | 409.55 | 14,932 | 56,369,300 | 8 | 774,526 |

### Index chart



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 25,184 (Shares) | 97,091,300 (MMK) |

## Main Board

As of 1:00 pm, 15th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,932 (Shares) | 91,369,300 (MMK) |

| MYANPIX | 410.63 ▲ 1.75 |
|---|---|
| Total Volume (shares) | 14,932 |
| Total Value (MMK) | 56 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,526 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 100 |
| MCB | 00003 | 8,700 | ▲ 200 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |

TIR